''ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်နှင့် ချင်းတွင်းမြစ်ကြောင်း တစ်လျှောက်ရှိ မြို့နယ်များမှ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲရေး ဥပဒေအရ ဖွဲ့စည်းထားသည့် ကော်မတီများနှင့် တွေ့ဆုံဆွေးနွေး ကွင်းဆင်းခဲ့သည့် အစီရင်ခံစာ''

လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးအကြီးအမှူးနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၊ လာရောက်လေ့လာကြသော ဧည့်သည်တော်များနှင့် သတင်းမီဒီယာများမှ သတင်းထောက်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဦးစွာ ပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ အဖွဲ့ဝင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၅၀၇၅ ဗိုလ်ကြီးကျော်ဝင်းလှိုင်ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဒုတိယအကြိမ် စစ်ကိုင်းတိုင်း ဒေသကြီးလွှတ်တော်ရဲ့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်နှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်များမှ ပုဂ္ဂလိက ရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီနှင့် တွေ့ဆုံဆွေးနွေး ကွင်းဆင်း စစ်ဆေးခဲ့သည့် အစီရင်ခံစာကို လွှတ်တော်သို့တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၅)ဦးတို့ဟာ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၂၀)ရက်နေ့မှ စတင်ပြီးတော့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်နှင့် ချင်းတွင်း မြစ်ကြောင်းတစ်လျှောက်မှာရှိတဲ့ မြို့နယ်များကို လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကွင်းဆင်း စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ကြပါတယ်။

ပို့ဆက်၊ (၁၄)ကြိမ်မြောက်ပုံမှန်(၂၈-၅-၂၀၁၈) (ကြားဖြတ်)

ယခုလို သွားရောက်စစ်ဆေးခဲ့တဲ့အခါမှာ ၄င်းမြို့များမှာရှိတဲ့ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ဆောက်လုပ်ရေးဆိုင်ရာကိစ္စရပ်များကို လေ့လာခဲ့ကြပြီး သီးခြားအစီအစဉ် တစ်ခုအနေနဲ့ ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်က ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ၊ ၂၃ ရက်နေ့မှာ ပြဋ္ဌာန်းလိုက်တဲ့ ပုဂ္ဂလိက ရေယာဉ်များစနစ်တကျ ပြေးဆွဲရေးဥပဒေအရ ပြန်လည်ဖွဲ့စည်းထားတဲ့ မြို့နယ်ရစကအဖွဲ့များ စစ်ဆေးရေးအဖွဲ့များကို ဥပဒေနှင့်အညီ ဖွဲ့စည်းထားရှိမှုရှိ/မရှိ ၎င်းအဖွဲ့အစည်းများရဲ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲများ စတဲ့အချက် များကို ကျွန်တော်တို့ လေ့လာသိရှိစေဖို့နဲ့ ခရီးသွားပြည်သူများ၊ ရေယာဉ် ပိုင်ရှင်များ၊ မြို့နယ်ရ.စ.က အဖွဲ့ဝင်များ အဆင်ပြေစွာ လုပ်ငန်းများ လိုက်နာလုပ်ဆောင်နိုင်ရေးအတွက် ကွင်းဆင်း လေ့လာခြင်း၊ ပြည်သူလူထုရဲ့အသံများ နားထောင်မှတ်တမ်းတင်ခြင်း၊ ဆွေးနွေးမှုများ ပြုလုပ်ရန် အတွက် ယခုလို ကွင်းဆင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၀ရက်နေ့မှာ ခန္တီးကို မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ လည်းကောင်း (၂၁-၂-၂၀၁၈)ရက်နေ့မှာ ခန္တီးမြို့မှ ထမံသီစံပြ ကျေးရွာသို့ ရေယာဉ်ဖြင့် လည်းကောင်း၊ ၎င်းမှတစ်ဆင့် လေရှီးမြို့သို့ ကားဖြင့်လည်းကောင်း၊ (၂၂-၂-၂၀၁၈)ရက်နေ့မှာ လေရှီးမြို့မှဆွမ္မရာမြို့သို့ လည်းကောင်း၊ (၂၃-၂-၂၀၁၈)ရက်နေ့မှာ လေရှီးမြို့မှ ထမံသီစံပြ ကျေးရွာသို့လည်းကောင်း၊ ထမံသီစံပြကျေးရွာ မှ ရေယာဉ်ဖြင့် ဟုမ္မလင်းသို့လည်းကောင်း၊ (၂၄-၂-၂၀၁၈) ရက်နေ့မှာ ဖောင်းပြင်မြို့သို့လည်းကောင်း၊ (၂၅-၂-၂၀၁၈) ရက်နေ့မှာ မော်လိုက် မြို့သို့လည်းကောင်း၊ (၂၆-၂-၂၀၁၈)ရက်နေ့မှာ ကလေးဝမြို့သို့လည်းကောင်း၊ (၂၇-၂-၂၀၁၈) ရက်နေ့မှာ မင်းကင်းမြို့သို့လည်းကောင်း၊ (၂၈-၂-၂၀၁၈) ရက်နေ့မှာ ကနီမြို့သို့လည်းကောင်း၊ (၁-၃-၂၀၁၈) ရက်နေ့မှာ မုံရွာမြို့သို့လည်းကောင်း ပြန်လည်ရောက်ရှိခဲ့ပြီး (၇-၃-၂၀၁၈)ရက်နေ့မှာ မုံရွာမြို့သို့ ပုဂ္ဂလိကရေယာဉ် ပိုင်ရှင်များနှင့် ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေးမှုများကို အသီးသီး ဆောင်ရွက် နိုင်ခဲ့ပါတယ်။

ရောက်ရှိရာမြို့များမှာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပါအဝင် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ ယဉ်ကျေးမှုအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ရ.စ.က အဖွဲ့များ၊ ရေယာဉ်များ၊ အမျိုးသားဒီမိုကရေစီ

အဖွဲ့ချုပ်ပါတီ မြို့နယ်အလုပ်မှုဆောင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပြီး ဒေသအတွင်းမှာ ဆောက်လုပ်လျက်ရှိတဲ့ အထူးစီမံကိန်းကြီးများကို သွားရောက်လေ့လာနိုင်ခဲ့ပါတယ်။ ပို့ဆောင်ရေး ကဏ္ဍအနေဖြင့် လေကြောင်းဆက်သွယ်မှုကဏ္ဍမှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကလေး၊ ခန္တီး၊ ဟုမ္မလင်း၊ မုံရွာ စသည့် မြို့များမှာ လေယာဉ်ကွင်းများ ရှိပြီး မြန်မာ့လေကြောင်းနှင့် ရန်ကုန် Air Way လေယာဉ်များဖြင့် ခန္တီးသို့ တစ်ပတ်လျှင်(၅)ကြိမ်၊ ဟုမ္မလင်း၊ မုံရွာ၊ မန္တလေး တစ်ပတ်လျှင်(၂)ကြိမ် ရှိကြောင်း သိရှိရပါတယ်။ မန္တလေး၊ ခန္တီး၊ ခရီးစဉ်အတွင်း ခရီးသွားပြည်သူများ အနေဖြင့် တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လိုက်ပါပြီး စီးနင်းကြရ ပါတယ်။

ကုန်းလမ်းပို့ဆောင်ရေးများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာ-ယာကြီး-ကလေးဝ လမ်းမှ ဆက်လက်၍ မော်လိုက် ၎င်းမှတစ်ဆင့် ကလေး-တမူးလမ်းသို့ ဆက်သွယ်သွားလာနိုင်သလို ချင်းတွင်းမြစ်အရှေ့ဘက်ခြမ်းမှာဖြစ်တဲ့ ရေဦး-တန့်ဆည်-မဟာမြိုင်လမ်းမှ တစ်ဆင့် ကလေးဝသို့ လည်းကောင်း၊ ၎င်းလမ်းမှတစ်ဆင့် ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးထိလည်းကောင်း၊ ပွင့်လင်းရာသီ များမှာ တိုက်ရိုက်သွားလာနိုင်ပြီး ချင်းတွင်းမြစ်အရှေ့ဘက်ခြမ်းနှင့် အနောက် ဘက်ခြမ်းကို ခန္တီး-ဆင်သေတံတားဖြင့်လည်းကောင်း၊ ဟုမ္မလင်း-ကတ်သာ တံတားဖြင့်လည်းကောင်း၊ ကူးလူး သွားလာနိုင်မည်ဖြစ်ပါတယ်။ ထမံသီတံတား စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက် နိုင်မည်ဆိုပါက လေရှီးမြို့သို့(၄၁) မိုင်ကတ္တရာလမ်းခင်းထားပြီးဖြစ်ပါတယ်။ လေရှီးမှ ဆွမ္မရာသို့ (၃၉)မိုင်(၆)ဖာလုံ ရှိပြီး ၎င်းလမ်းကိုလည်း ကျွန်တော်တို့ ပိုမိုပြီးကောင်းမွန်အောင် အဆင့်မြှင့်တင် ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဆွမ္မရာမြို့ဟာဆိုရင် တစ်ဖက်အိန္ဒိယ နိုင်ငံနှင့် (၆)မိုင်ခန့်သာကွာဝေးတာကို တွေ့ရှိခဲ့ရပါတယ်။ ၎င်းအပြင် ပင်လယ်ဘူး-ဖောင်းပြင်လမ်းမှလည်း မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းနှင့် ခန္တီး လမ်းသို့ ဆက်စပ်လျက်ရှိပြီး ၎င်းလမ်းမှတစ်ဆင့် နာဂဒေသကိုလည်း သွားလာ နိုင်မည့်လမ်းကြောင်းတစ်ခုဖြစ်သည်ကို တွေ့ရှိရပါတယ်။

ဆက်လက်၍ ဆက်သွယ်ရေးကဏ္ဍအနေဖြင့် တင်ပြမည်ဆိုပါက ချင်းတွင်းမြစ်ကြောင်း တစ်လျှောက်မှာရှိတဲ့ မြို့များမှာ ဖုန်းလိုင်းဆက်သွယ်ရေး စနစ် ကောင်းမွန်စွာရရှိသော်လည်း နယ်ကျေးရွာများတွင် ဖုန်းလိုင်းဆက်သွယ်မှု စနစ် ကောင်းမွန်စွာမရရှိတာကို တွေ့ရှိရပါတယ်။ အထူးသဖြင့် နာဂဒေသ၏ ဆက်သွယ်မှုစနစ်အခြေအနေမှာ လေရှီးမြို့ပေါ်တွင်သာ ဆက်သွယ်မှု

ကောင်းမွန်ပြီး အခြားကျေးရွာများတွင် ဆက်သွယ်မှုမရရှိသည်ကို တွေ့ရှိရပါ တယ်။ ဆွမ္ဗရာမြို့မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆွမ္ဗရာမြို့နှင့် (၁၀)မိုင်ခန့် အကွာမှာ တာဝါတိုင် စိုက်ထူထား သော်လည်း ဆွမ္ဗရာမြို့တွင်သာ 2G စနစ်သာ ရရှိပြီး ဆက်သွယ်မှုစနစ်ကောင်းမွန်စွာ မရရှိသည်ကိုလည်း တွေ့ရှိခဲ့ရပါတယ်။ ဒေသခံပြည်သူလူထုများနှင့် နိုင်ငံ့ဝန်ထမ်းများမှာလည်း ဆက်သွယ်မှု စနစ်ပိုမိုစွာ ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ရေး ကူညီဆောင်ရွက်ပေးရန် အစီရင်ခံ တင်ပြခဲ့ကြပါတယ်။ ဒါနဲ့ပတ်သက်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးကိုလည်း ကျွန်တော်တို့ ကော်မတီရုံးခန်းကို ခေါ်ယူပြီး တွေ့ဆုံမေးမြန်းတဲ့အခါမှာ လတ်တလောမှာတော့ ကျွန်တော်တို့ ဂြိုလ်တုစနစ်ဖြင့် ဆောင်ရွက်ထားတာဖြစ်တဲ့အတွက်ကြောင့်မို့ ဖုန်းအလုံး(၁၀၀) လောက်ပဲ 2G စနစ် ပြောမယ်ဆိုရင် ပြောလို့ရပြီး 3G စနစ်ကို မြှင့်တင် ပေးမယ်ဆိုလို့ရှိရင်တော့ အချိန်မရွေးဆောင်ရွက်ပေးလို့ ရပါတယ်။ ဒါပေမယ့် ဖုန်း(၅)လုံး လောက်သာ ကောင်းစွာ ပြောဆိုလို့ရမည်ဖြစ်ကြောင်း သိရှိရပါတယ်။ လတ်တလော အခြေအနေမှာတော့ 2G စနစ်သာ ဆောင်ရွက်ပေးနိုင်ကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်များမှာတော့ ဆက်လက်ပြီးတော့ တင်ပြဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကျွန်တော်တို့ ဖြေကြား ခဲ့တာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စား လှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခန္တီးမြို့မှ မုံရွာမြို့အထိ မြစ်ကြောင်းတစ်လျှောက်မှာရှိတဲ့ ခရီးသွားပြည်သူများအနေဖြင့် ရေလမ်းကိုသာ အဓိကထားပြီး အားကိုးအာထား ပြုကြတာ ဖြစ်ပါတယ်။ ရေလမ်းခရီးအနေဖြင့် မြစ်ကြောင်းတစ်လျှောက်မှာ အများဆုံးအသုံးပြုကြပြီး ခန္တီးမှမုံရွာအထိ ရေကြောင်းအခြေအနေများကို တင်ပြရမည်ဆိုရင်တော့ ချင်းတွင်းမြစ်ရေဟာ မိုးရာသီမှာ အန္တရာယ်ကျရောက်နိုင်တဲ့အထိ မြစ်ရေမြင့်တက်သော်လည်းပဲ နွေရာသီမှာ ရေကြောင်း ကြပ်တည်းမှုများများစွာ ကြုံတွေ့ရပါတယ်။ ချင်းတွင်းမြစ်အတွင်းမှာ သစ်ပင်၊ သစ်ငုတ်များ၊ တံစုန်းငုပ်များ အလွန်ပေါများခြင်း၊ သောင်ထွန်းသည့်နေရာများ၊ ရေပါးသည့်နေရာများ အလွန်ပေါများတာကို တွေ့ရှိ ရပါတယ်။ ချင်းတွင်းမြစ်အတွင်းမှာ ချင်းတွင်းဒေသအတွင်းမှ သယံဇာတများ အနေဖြင့် အဖိုးတန် သစ်၊ ဝါး၊ ကြိမ်၊ ကျောက်မီးသွေး ၊ ရွှေ၊ မြစ်ကျောက်၊ မြစ်သဲစသည်တို့ တွေ့ရှိပါတယ်။ ချင်းတွင်းမြစ်အတွင်းမှာ သွားလာနေကြတဲ့ အဓိက

ရေယာဉ်များမှာလည်း ကုန်တင်ယာဉ်အမျိုးမျိုးဖြင့် ခရီးသည်(၁၀၀) ပတ်ဝန်းကျင်တင်ဆောင်နိုင်တဲ့ ရေယာဉ်များအများဆုံး ဖြတ်သန်းသွားလာ တွေ့ရှိရပါတယ်။ ၎င်းရေယာဉ်များအနေဖြင့် မုံရွာမြို့မှ ပုဂ္ဂလိကသဘောၤကျင်းများမှ ဒေသနှင့်ကိုက်ညီအောင် တည်ဆောက် ထုတ်လုပ်ထားသော ရေယာဉ်များဖြစ်ပြီး ရေကြောင်းဦးစီးဌာန၊ ရေကြောင်းညွှန်ကြားမှု ဦးစီးဌာနအထက် မြန်မာပြည်ဌာနခွဲ မန္တလေးမှလည်း အတည်ပြုစစ်ဆေး လိုင်စင်များထုတ်ထား ပေးထားကြောင်း သိရှိရပါတယ်။

ဆက်လက်၍ မြို့နယ်ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီများ၊ စစ်ဆေးရေးအဖွဲ့များ၊ ရေယာဉ်ပိုင်ရှင်များ၊ ရပ်မိရပ်ဖများ၊ ခရီးသွားပြည်သူများ၊ မြို့နယ် အုပ်ချုပ်ရေးနှင့် ပါတီမှပုဂ္ဂိုလ်များ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုမှရရှိသော အချက်များကို တင်ပြရမည်ဆိုပါက ခရီးသွားပြည်သူများအနေဖြင့် ရေယာဉ်ပေါ်တွင် သတ်မှတ် ခရီးသည် နှုန်းထားထက်ပိုမိုပြီး လူနှင့်ကုန်ပစ္စည်းများ တင်ခွင့်မပြုစေလိုပါကြောင်း၊ ရေယာဉ် ထိုင်ခုံများကိုလည်း ယခုထက်ပိုမို၍ အဆင့်မြင့်ပြီး သက်တောင့်သက်သာ ဖြစ်စေလိုကြောင်း၊ ရေယာဉ်၏ကုန်းပတ်ပေါ်တွင် ယခင်က လက်ရန်းများ တပ်ထားသော်လည်းနောင်တွင် ယခုအခါ လက်ရန်းများဖြုတ်ရန် ညွှန်ကြားထားသည့်အတွက် လက်ရန်းများ တပ်ဆင်ထားခြင်း မရှိသောကြောင့် ယခု အန္တရာယ်ကင်းရှင်းစွာ ရေယာဉ်စီးခရီးသည်များ သွားလာနိုင်ရေးအတွက် လက်ရန်းများကို ပြန်လည်တပ်ဆင်ပေးစေလိုပါကြောင်း၊ အတက်အဆင်းပြုလုပ် နိုင်ရာတွင် အန္တရာယ်ကင်းစွာ အတက်အဆင်းပြုလုပ်နိုင်ရေးအတွက် ရေယာဉ်ပိုင်ရှင်များအနေဖြင့် ကုန်းဘောင်များ စနစ်တကျပြုလုပ်ပေးစေလိုပါကြောင်း၊ ညအိပ်ရပ်နားသည့်နေရာတွင် ကြုံသည့်နေရာတွင် ကမ်းကပ်ပြီးရပ် နားခြင်းမပြုလုပ်ဘဲ ခရီးသည်များ လုံခြုံမှုရှိသည့်မြို့ (သို့မဟုတ်) ရွာများတွင်သာ ရပ်နား စေချင်ကြောင်း၊ အကယ်၍ စည်းကမ်းဖောက်ဖျက်သည့် ယာဉ်များတွေ့ရှိ ပါကလည်း တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များကို ရေယာဉ်များအားလုံးတွင် ဗီနိုင်းဖြင့်ချိတ်ဆွဲထားရန်နှင့် တိုင်ကြားသူများကိုလည်း သက်ဆိုင်ရာ ရစက အဖွဲ့များအနေဖြင့် ၎င်းတို့၏လုံခြုံမှုအတွက် အမည်နှင့်လိပ်စာကိုဖော်ပြခြင်း မပြုစေလိုကြောင်း စသည့်အချက်များကို တင်ပြခဲ့ကြပါတယ်။

ပုဂ္ဂလိကမော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့်လည်း ယခုကဲ့သို့ ရ.စ.က ဥပဒေပြဋ္ဌာန်းပြီး ဖြစ်သည့်အတွက် ခရီးသွားပြည်သူများအနေဖြင့် အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့သော်လည်း ၎င်းတို့အနေဖြင့် နေ့စဉ်အရှုံးပေါ်ပြီး ပြေးဆွဲလျက်ရှိပါကြောင်း၊ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ ရေကြောင်းတွင် အတားအဆီးများဖြစ်သော သစ်ပင်၊ သစ်ငုတ်များ၊ တံစုန်းများ နှုတ်ပေးခြင်း၊ သောင်တူးခြင်းတို့ကိုလည်း သက်ဆိုင်ရာဌာနများအနေဖြင့် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ လက်ရှိသတ်မှတ်ထားသည့် သတ်မှတ်ချက်များအတိုင်း ယာဉ်များပြေးဆွဲရာတွင် အခက်အခဲများ များစွာကြုံတွေ့နေရသော်လည်း ယာဉ်စီးခ၊ ကုန်တင်ခများကို တိုးတောင်းရင်လည်း ကုန်ဈေးနှုန်း ကြီးမြင့်လာမည်ကို ၎င်းတို့အနေဖြင့် မလိုလားအပ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ယခုလက်ရှိ အရှုံးနှင့်သာ ပြေးဆွဲလျက်ရှိပါကြောင်း တင်ပြခဲ့ကြပါတယ်။

မြို့နယ်ရ.စ.ကများ၊ စစ်ဆေးရေးအဖွဲ့များမှလည်း နည်းဥပဒေထွက်ရှိလာပြီးလျှင် သတ်မှတ်ချက်အတိုင်းလိုက်နာ ဆောင်ရွက်မှုမရှိသည့် ရေယာဉ်များအား ဥပဒေနှင့်အညီ စစ်ဆေး အရေးယူဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှု ကော်မတီအနေဖြင့်လည်း အခြေအနေမှန်ကိုသိရှိကာ အားလုံးအဆင်ပြေမည့် အခြေအနေတစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးစေ လိုပါကြောင်း တင်ပြခဲ့ကြပါတယ်။

ဆိပ်ကမ်းကြီးသည့် မြို့နယ်ခွဲကျေးရွာများတွင်လည်း စစ်ဆေးရေးအဖွဲ့များကို လိုအပ်သလိုဖွဲ့စည်းပေးရန်နှင့် ယခင်က အရေးယူခြင်းခံခဲ့ရသော ဆိုသည့်နေရာတွင် ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ၊ (၁၅)ရက်နေ့က ကျွန်တော်တို့ ချင်းတွင်းမြစ်ကြောင်း၊ ကနီမြို့နယ်၊ မီချောင်းတွင်းရွာအနီးမှာ နစ်မြုပ်ခဲ့သည့် အောင်စိုးမိုးကျော်ရေယာဉ် နစ်မြုပ်ရာမှာ ပါဝင်ခဲ့သည့် ၎င်းရေယာဉ်ကို စစ်ဆေး ကြပ်မတ်မှု အားနည်းခဲ့သည့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်မှာရှိတဲ့ ယခင် ရ.စ.ကအဖွဲ့တွေ အားလုံးဖျက်သိမ်းခဲ့တာ ဖြစ်ပါတယ်။ ယခင်ဖျက်သိမ်းခဲ့တဲ့ အဖွဲ့မှာပါတဲ့ ရ.စ.ကအဖွဲ့ဝင်တွေကို ယခုအသစ် ထပ်မံပြန်လည်ဖွဲ့စည်းတဲ့အဖွဲ့မှာ ဖွဲ့စည်းခွင့်မပြုဟု ဥပဒေမှာပါရှိတဲ့အတွက် ၎င်းတို့အနေဖြင့် တစ်ချို့သော မြို့နယ်များမှာ အားကိုးအားထားပြုရတဲ့ ပုဂ္ဂိုလ်များကို ပြန်လည်ဖွဲ့စည်းခွင့် ပြုစေလိုကြောင်း ၎င်းတို့အနေဖြင့် တင်ပြခဲ့ကြပါတယ်။

ပို့ဆက်၊ (၁၄)ကြိမ်မြောက်ပုံမှန်(၂၈-၅-၂၀၁၈) (ကြားဖြတ်)

ယခုပြဋ္ဌာန်းလိုက်တဲ့ ရ.စ.ကဥပဒေဟာ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ရှိတဲ့ ဥပဒေတစ်ရပ်ဖြစ်တာနှင့်အညီ ပေးအပ်လာတဲ့ တာဝန်များကိုလည်း ၎င်းတို့အဖွဲ့အနေဖြင့် ကြိုးစားပမ်းစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြခဲ့ကြပါတယ်။

ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ တွေ့ရှိချက်များအနက် ပို့ဆောင်ရေးကဏ္ဍအနေဖြင့် ကုန်းလမ်းများ ကွန်ယက် သဖွယ်ဖောက်လုပ်ထားရှိသော်လည်း ရာသီမရွေးသွားလာနိုင်သည့်လမ်းများ အားနည်းနေသေးခြင်း၊ မုံရွာမှ ခန္တီးလေကြောင်းဖြင့် သွားရာတွင် ခရီးသွားပြည်သူများအနေဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး)သို့ သွားရောက်စီးနင်းရခြင်း၊ ခန္တီးမှ မုံရွာမြစ်ကြောင်းတစ်လျှောက်ရှိ ပြည်သူများအနေဖြင့် ရေကြောင်းကိုသာ အဓိကထားအားကိုးနေရသည်ကို တွေ့ရှိရခြင်း၊ ရေကြောင်းခရီးတွင် ခရီးသည်များအတွက် စိတ်ချမ်းသာမှု၊ လုံခြုံမှုများစွာ လိုအပ်နေ သေးခြင်း၊ မြစ်ကမ်းအနီးအနား ပတ်ဝန်းကျင်တစ်ဝိုက်တွင် တရားမဝင် ရွှေလုပ်ငန်းများ လုပ်ကိုင်နေဆဲဖြစ်သည်ကို တွေ့ရှိရခြင်း၊ ကျောက်မီးသွေးများ မြစ်ကမ်းနဘေးတွင်စုပုံခြင်း၊ တင်ချပြုလုပ်ခြင်းများကို ယခုထက်ပိုမိုကြပ်မတ်သွားရန် စနစ်ကျ ဆောင်ရွက်သွားရန် လိုအပ်နေသေးခြင်း၊ မြစ်ကမ်းနဘေးတွင် တရားမဝင် သစ်ထုတ်လုပ်နေမှုများရှိနေသည်ကို တွေ့ရှိရခြင်း၊ ပုဂ္ဂလိကရေယာဉ်များအနေဖြင့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လုပ်ဆောင်မှုအားနည်း နေသေးခြင်း၊ ဆိပ်ကမ်းများတွင် ဆိပ်ခံဘောတံတားများမရှိဘဲ အဆင်ပြေသလို အတက်အဆင်း ပြုလုပ်နေသည်ကို တွေ့ရှိရသဖြင့် ယခုထက်ပိုမိုစနစ်ကျအောင် ဆောင်ရွက်သွားရန် လိုအပ်နေသေးခြင်း၊ ရေယာဉ်များအနေဖြင့် ချင်းတွင်းမြစ်အထက်ပိုင်းတွင် တံစုန်း၊ သစ်ငုတ်များ များစွာပေါ်များ၍ ၎င်းနေရာများတွင် သွားလာနေရခြင်း၊ သောင်ထွန်း၍ ရေတိမ်၊ ရေကြောင်းပြည့်သည့်နေရာများ (၂၅)နေရာခန့်ရှိသည်ကို မှတ်တမ်းတင်တွေ့ရှိခဲ့ရပါတယ်။

ဆက်လက်၍ ဆက်သွယ်ရေးကဏ္ဍအနေဖြင့် တင်ပြရမည်ဆိုပါက ခေတ်နှင့်အညီ တယ်လီဖုန်းလိုင်းများ၊ အင်တာနက်လိုင်းများ နေရာမလပ်သုံးစွဲနိုင်မှု အားနည်းနေသည်ကို တွေ့ရှိခဲ့ရပါတယ်။

ပုဂ္ဂလိကယာဉ်မောင်းသူများအနေဖြင့်လည်း ဖုန်းလိုင်းမိသည့်နေရာများတွင် ရေယာဉ်ပေါ်တွင် Smart Phone နှင့် G.P.S အသုံးပြုကာ လမ်းကြောင်း အမှတ်အသားများ မှတ်သား၍ မောင်းနှင်ကြသည်ကို တွေ့ရှိရပါတယ်။ ဖုန်းလိုင်းများတစ်လျှောက် လုံးမကောင်းသဖြင့် အရေးပေါ်ကိစ္စများပေါ်ပေါက်လာပါက တိုင်ကြားခြင်း၊ ဆက်သွယ်ခြင်းများ အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်ခြင်း မရှိသည်ကို တွေ့ရှိခဲ့ရပါတယ်။

ကော်မတီအနေဖြင့် အကြံပြုတင်ပြလိုသည်မှာ-

(၁) မြို့နယ် ရ.စ.ကအဖွဲ့များ စစ်ဆေးရေးအဖွဲ့များသည် အခြားမြို့နယ် ရ.စ.က အဖွဲ့များ စစ်ဆေးရေးအဖွဲ့များနှင့် ကွန်ယက်သဖွယ် ချိတ်ဆက်ခြင်း၊ ရွာများတွင်လည်း စေတနာ့ဝန်ထမ်းများထား၍ သတင်းအချက် အလက်များ ဆောင်ရွက်စေရန် တိုင်းရ.စ.ကအဖွဲ့မှလည်း မကြာခဏ တွေ့ဆုံညှိနှိုင်းပေးရေး၊

(၂) တိုင်းရေကြောင်းညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် မိမိလိုင်စင်ထုတ် ထားပေးသော ရေယာဉ်များ၊ ရေယာဉ်မောင်း ဆလိုက်များကိုလည်း အမြဲမပြတ် ရှောင်တခင် စစ်ဆေးမှုများ ပြုလုပ်သွားရေး၊

(၃) တိုင်းရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာန အနေဖြင့် မြစ်ကြောင်းအန္တရာယ် ကင်းရှင်းစေရေး၊ တံစုန်းငုတ်များ နုတ်ပေးခြင်း၊ သောင်တူးခြင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုလုပ်ပေးရန်နှင့် ရေးကြောင်းလမ်းပြ အမှတ်အသားများကိုလည်း အမြဲမှန်ကန်မှုရှိနေအောင် မကြာခဏ စစ်ဆေးမှုများ ပြုလုပ်ပေးရေး၊

(၄) တိုင်းဒေသကြီးအစိုးရအနေဖြင့်(၃၁-၃-၂၀၁၃)ရက်နေ့က အတည်ပြု ပြဋ္ဌာန်းခဲ့သော ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများဥပဒေ၊ (၂၇-၂-၂၀၁၄) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော နည်းဥပဒေများအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရေး ညွှန်ကြားပေးသွားရေး၊

(၅) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက် ရယူဆောင်ရွက်ခဲ့သော ဆက်သွယ်ရေး ကုမ္ပဏီများ၊ စီးပွားရေးတွက်ချေ မကိုက်နိုင်သည့် လူနေကြဲပါးသောဒေသများတွင်

မဖြစ်မနေဆက်သွယ်ရေးကောင်းအောင်စီစဉ်ဆောင်ရွက်ရန်နှင့် တွန်းအားပေးရေးအတွက် ပြည်ထောင်စုအစိုးရအား တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အကြံပြုပေးနိုင်ရေး၊

(၆) ဆောက်လုပ်ရေးသုံးပစ္စည်းများအနေဖြင့် ဈေးနှုန်းများကို ဒေသတွင် အမှန်တကယ် ဝယ်ယူရရှိသော ဈေးနှုန်းများ စံစမ်းအတည်ပြုရန် တွက်ချက်ထားသော ရန်ပုံငွေ တွက်ချက်၍ ရန်ပုံငွေချထားပေးမှသာလျှင် အရည်အသွေးပြည့်မီသော အဆောက်အဦများ ရရှိနိုင်မှာဖြစ်သဖြင့် အစိုးရအနေဖြင့်လည်းကောင်း၊ ပြည်ထောင်စု သို့တင်ပြ၍ ဆောင်ရွက်ပေးရေး၊

(၇) စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီ အနေဖြင့် ညွှန်ကြားချက်များထုတ်ပြန်ရန် အခြေအနေ ဖြစ်ပေါ်လာပါကလည်း အချိန်မဆိုင်းဘဲ ချက်ချင်းဆောင်ရွက်ပေးရန်လည်း အကြံပြုတင်ပြအပ်ပါတယ်။

နိဂုံးချုပ်အားဖြင့် တင်ပြရမည်ဆိုပါက ဒုတိယအကြိမ်စစ်ကိုင်းတိုင်း ဒေသကြီးလွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီသည် ယခုခရီးစဉ်တွင် ပြည်သူအားလုံး၏ တင်ပြချက်များကို သက်ဆိုင်ရာဌာနများနှင့် တိုက်ရိုက်သော်လည်းကောင်း၊ အစိုးရအဖွဲ့နှင့်တစ်ဆင့် သော်လည်းကောင်း၊ သက်ဆိုင်ရာကော်မတီများနှင့်သော်လည်းကောင်း ချိတ်ဆက် ဆွေးနွေး၍ ဆောင်ရွက်ပေးခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကဏ္ဍများကို အဖက်ဖက်မှတိုးတက်အောင် မိဘပြည်သူများရဲ့ နေ့စဉ်လူမှု ဘဝများလုံခြုံမှု၊ စောင့်ရှောက်မှုများကို ကျွန်တော်တို့ ကော်မတီအနေဖြင့် မိမိတို့ကော်မတီရဲ့ လုပ်ပိုင်ခွင့်အတွင်းမှနေ၍ ဆတက်ထမ်းပိုး ကြိုးစား ထမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြရင်း နိဂုံးချုပ် အပ်ပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဗိုလ်ကြီးကျော်ဝင်းလှိုင်

အဖွဲ့ဝင်

ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်

ဆောက်လုပ်ရေးဆိုင်ရာကော်မတီ

ပို့ဆက်၊ (၁၄)ကြိမ်မြောက်ပုံမှန်(၂၈-၅-၂၀၁၈) (ကြားဖြတ်)

ပို့ဆက်၊ (၁၄)ကြိမ်မြောက်ပုံမှန်(၂၈-၅-၂၀၁၈) (ကြားဖြတ်)